# ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## တတိယနေ့ အစီအစဉ်

## [ ၆- ၇ - ၂၀၁၂ ]

## ( သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် တတိယနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေ လှူဒါန်းခြင်းကို အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ကြေညာခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **အင်းစိန်ခရိုင်၊ မြန်မာ့စီးပွားရေးဘဏ် အဆောက်အဦသစ် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစပ်ပြတွင်ရှိသည့် အားကစားဝန်ကြီးဌာနပိုင် မြို့နယ်ပြည်သူ့ အားကစားကွင်းအား ပြည်သူ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြှင့် ပြုပြင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးကျော်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)၏ **လမ်းအရှည် ၂၀ မိုင် ၆ ဖာလုံ ရှိသော ရခိုင်ပြည်နယ်၊ ပေါက်တော-မင်းပြား လမ်းဖောက်လုပ်ခြင်းကို ဆက်လက်ဆောင်ရွက်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာစိုင်းဆိုင် ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)၏ **ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံ - မိုင်းခတ် - မိုင်းယန်းလမ်းပေါ်ရှိ နောင်ဖာ တံတားကို သံကူကွန်ကရစ်တံတား ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **အခြေခံ သမဝါယမအသင်းများ မြေဂရမ် ရရှိရေးကိစ္စ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)၏ **လမ်းတံတား ဂိတ်ကြေး ကောက်ခံမှု** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) ၏ **ငွေကြေးနှင့် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးနှင့် အရင်းအနှီး ဈေးကွက်ဥပဒေကြမ်းရေးဆွဲနေစဉ်ကာလအတွင်း ဘဏ္ဍာရေးနှင့် ဥပဒေရေးရာအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးရေးအတွက် ပြုပြင်ဖွဲ့စည်းမှုများ ဆောင်ရွက်ရန်** ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၈။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၉။ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ၏ **နိုင်ငံတကာတွင် စီးပွားရေးလက်ဝါးကြီးအုပ်မှုမျိုးကို တားဆီးရန်အတွက် "ယှဉ်ပြိုင်မှု ဥပဒေ"နှင့် "ယှဉ်ပြိုင်မှု မူဝါဒ" (Competition Law နှင့် Competition Policy)များကို စတင်ရေးဆွဲ ဆောင်ရွက်သင့်ကြောင်း** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၀။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကအမျိုးသားလွှတ်တော် တတိယနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် စတုတ္ထနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။